# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.10 October


## လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပခြင်း



စက်တင်ဘာလ ၁၂ ရက်

လူ့အခွင့်အရေးဆိုင်ရာ ရှားပါးစာအုပ်၊ စာတမ်းများ ပေးအပ်လှူဒါန်းပွဲကို ၁၂-၉-၂၀၂၃ ရက်နေ့၊ နေ့လယ် ၁၄:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပရာတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဦးဝင်းမြကလူ့အခွင့်အရေးဆိုင်ရာ ရှားပါးစာအုပ်စာတမ်း ၃၃၁ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လက်ခံရယူခဲ့ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ယခင်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက စာအုပ်၊ စာတမ်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စာအုပ်များ ပေးအပ်လှူဒါန်းမှုအတွက် "မှတ်တမ်းတင်ဂုဏ်ပြုလွှာ"ကို ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပေးအပ်ရာ အလှူရှင်က လက်ခံရယူခဲ့ပါသည်။ ယင်းနောက် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန တာဝန်ခံ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ၁၅:၀၀ နာရီအချိန်တွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။



အဆိုပါအခမ်းအနား၌ လှူဒါန်းခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များတွင် ကုလသမဂ္ဂ အပါအဝင် ပြည်တွင်း/ပြည်ပမှ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေထားသည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ စာတမ်းများ၊ အစီရင်ခံစာများ၊ ဥပဒေများ၊ သတင်း အချက်အလက် စုစည်းဖော်ပြထားသည့် စာစောင်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများဆိုင်ရာ စာအုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ မဂ္ဂဇင်းဂျာနယ်များစသည့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ စာအုပ်စာတမ်းများ ပါဝင်ကြောင်း သိရှိရပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း



စက်တင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၃) ကို ၂၆-၉-၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၃) ကို ၈-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေး အသိပညာပေး သင်တန်းအမှတ်စဉ် (၂/၂၀၂၃) ဖွင့်လှစ်ခြင်း



စက်တင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက်အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၂၃) ဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၉-၉-၂၀၂၃ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းတက် ရောက်ကြမည့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာ၌ "၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်း မျက်မှောက်ခေတ် ကမ္ဘာကြီး၏ လူ့အခွင့်အရေးစံနှုန်းများဟု ဖော်ညွှန်းနိုင်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights-UDHR) ကို ထုတ်ပြန်ကြေညာခဲ့သည်မှာ လာမည့် ဒီဇင်ဘာလတွင် (၇၅) နှစ်ပြည့်တော့မည်ဖြစ်ကြောင်း၊ (၇၅) နှစ်ပြည့် အထိမ်းအမှတ် အခါသမယဖြစ်သည့် ၂၀၂၃ ခုနှစ်အတွင်း၌ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း ပြည်သူအားလုံး ပိုမိုသိရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကမ္ဘာနှင့်အဝှမ်းတွင် သူ့နည်းသူ့ဟန်နှင့် ဆောင်ရွက်ကြသလို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း ဆောင်ရွက်နိုင်သည့် နည်းလမ်းပုံစံမျိုးစုံနှင့် တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာပေါ်ရှိ မည်သည့် လူ့အခွင့်အရေး အဖွဲ့အစည်းမဆို အဓိကထား လုပ်ကိုင်ကြရသော လုပ်ငန်းတာဝန်ကြီး နှစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဤကြေညာစာတမ်းကြီးကို လုပ်ငန်းလမ်းညွှန်သဖွယ် အထောက်အထားပြု မှီငြမ်းကြရသည့် အရေးကြီးသော ဘာသာရပ် ဖြစ်ပါကြောင်းနှင့် ကော်မရှင်ရုံးဝန်ထမ်းများအနေနှင့် မဖြစ်မနေ သိထားသင့်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ပတ်သက်သော အသိပညာဗဟုသုတများ ဆည်းပူးရရှိစေရန်၊ ဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာပြီး ကော်မရှင်လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဆိုင်ရာ ပညာပေး သင်တန်းများ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားပါသည်။



အဆိုပါသင်တန်းကိုကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများအပါအဝင် သင်တန်းသားဦးရေ (၃၃) ဦး ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချမှုအား On-line, Face to Face စနစ် (၂) မျိုးဖြင့် Hybrid Format ကို အသုံးပြုပြီး ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ်များ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



---

## အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော အာရှပစိဖိတ်အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်နှင့် (၂) နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ တက်ရောက်ခြင်း




စက်တင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းသည် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း လိုက်ပါလျက် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပသော အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ်ကျင်းပသည့်ညီလာခံ (28th Annual General Meeting of Asia Pacific Forum & Biennial Conference) တို့သို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသော အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့ အစည်းများဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံသမ္မတ Smt. Droupadi Murmu တက်ရောက် ချီးမြှင့်၍ ဂုဏ်ပြုစကားပြောကြားခဲ့ပါသည်။ ယင်းနောက် အစည်းအဝေးအစီအစဉ် ပထမနေ့အဖြစ် အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အာရှပစိဖိတ်အမျိုးသား လူ့အခွင့် အရေးအဖွဲ့အစည်းများ ဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံ (၂၆) နိုင်ငံရှိ လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အိန္ဒိယ လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာကမ္ဘာ့အဖွဲ့ကြီးမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးအား လေ့လာသူများအဖြစ် တက်ရောက်ကြသည့် Cook Islands, Taiwan, Turkmenistan နှင့် United Arab Emirates နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၂၀) ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အဖွဲ့ဝင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-governmental Organizations, NGOs) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ဖိုရမ်အဖွဲ့ဝင်များအကြား ရှေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများနှင့် Dehli Declaration ထုတ်ပြန်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ၇၅ နှစ်မြောက် အထိမ်းအမှတ်နှင့် ပါရီအခြေခံမူများ နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် 30 years of Promoting and Protecting Human Rights Across Asia and the Pacific၊ Advancing the Universal Declaration of Human Rights and Its Promise of Equality, Freedom and Justice For All နှင့် The Role of NHRIs Responding to an Mitigating the Human Rights Impacts of Climate Change – National, Regional and International Actions ခေါင်းစဉ်များဖြင့် စကားဝိုင်း ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲများအပြီးတွင် Delhi Declaration ကို အတည်ပြု ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တို့သည် ထိုင်းနိုင်ငံလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ တွေ့ဆုံခြင်း (ပထမပိုင်း) နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း (ဒုတိယပိုင်း) အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Roomတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ တွေ့ဆုံခြင်း အခမ်းအနား (ပထမပိုင်း) ကို ဦးစွာကျင်းပခဲ့ရာ အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌက လမ်းညွှန်အမှာစကားပြောကြားပါသည်။ ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုံးမသြဝါဒပြောကြားခဲ့ပြီး ပထမပိုင်းတွေ့ဆုံခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း (၆/၂၀၂၃) အခမ်းအနား (ဒုတိယပိုင်း) ကို ဆက်လက်ကျင်းပခဲ့ရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ အစီအစဉ်အရ ကော်မရှင်ရုံးဌာန တစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆွေး ဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၈၈) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ဗဟုသုတမြှင့်တင်ရေးအစီအစဉ်

## ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု တင်ပြဆွေးနွေးခြင်း အစီအစဉ် ကျင်းပခြင်း




စက်တင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေးအသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ်၊ မေလမှစတင်၍ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အစီအစဉ်ပြုလုပ် ဆောင်ရွက်လျက်ရှိရာ ၂၂-၉-၂၀၂၃ ရက်နေ့၊ နေ့လယ် ၁၃:၀၀ အချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံး (ရုံးချုပ်နှင့်ရုံးခွဲ) များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ Freedom of Slavery ခေါင်းစဉ်ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေရည်စံ၊ ဦးစီးအရာရှိ ဦးကောင်းခန့်ပြည့်နှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ဒေါ်ရွှေစင်ဦးတို့က ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အရာထမ်း/အမှုထမ်းများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီးနောက် သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြပါသည်။ ဆွေးနွေးခြင်းအစီအစဉ်ကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၄-၉-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသာ သောက်သုံးရေ လုံလောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး

ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင် စခန်းတာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## Animation Video Production သင်တန်းဖွင့်လှစ်ခြင်း



စက်တင်ဘာလ ၃ ရက်

လူ့အခွင့်အရေး အသိပညာပေး Animation Video များအား ဖန်တီး၍ ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေး ဆောင်ရွက်မှုများတွင် ထည့်သွင်းဖော်ပြ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကော်မရှင်ရုံးဝန်ထမ်းများအတွက် Animation Video Production Training ကို ၃-၉-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံး Conference Room ၌ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် Animation Video များ ဖန်တီးပြုလုပ်မှုနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က သင်တန်းတက်ရောက်သူ ကော်မရှင်ရုံးဝန်ထမ်းများကို ပို့ချသင်ကြားပေးခဲ့ပါသည်။ သင်တန်းသို့ ကော်မရှင်ရုံး အရာထမ်း အမှုထမ်း ၉ ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သက်သာသော ဈေးနှုန်းဖြင့် ဆန်များ လာရောက်ရောင်းချပေးခြင်း

စက်တင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဆန်ပေါ်ဆန်းမွှေးနှင့် ညှော်မထဆန်များအား ၂၉-၉-၂၀၂၃ ရက်နေ့တွင် လာရောက်ရောင်းချခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း စုစုပေါင်း (၁၁၅) ဦးက ဆန်ပေါ်ဆန်းမွှေး (၁၀-ကီလိုဂရမ်) (၁၀၂) အိတ်နှင့် ညှော်မထဆန် (၁၀-ကီလိုဂရမ်) အိတ် (၉၄) အိတ်အား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူခဲ့ပါသည်။



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာသွားရောက်ပို့ချ



စက်တင်ဘာလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီအများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အရာထမ်းသင်တန်း၊ အမှတ်စဉ် (၁၅) သို့ ၈-၉-၂၀၂၃ ရက်နေ့ ဝ၈:ဝဝ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်း စသည့် ဘာသာရပ်များ ပို့ချခဲ့



ပါသည်။ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၅) ၌ သင်တန်းသားဦးရေ (၄၂) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှသိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ



စက်တင်ဘာလ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၀၇) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၈) တို့ကို ၁၃-၉-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်မှ ၁၅:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများကို Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။


အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူ အများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ် သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၀၇) ၌ သင်တန်းသားဦးရေ (၆၄) ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၈) ၌ သင်တန်းသားဦးရေ (၁၁၈) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၁၈၂) ဦး တက်ရောက်ခဲ့ကြပါသည်။

---

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၅**

**"မည်သူ့ကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။"**



# တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း တိုင်တန်းချက် (၁၂) စောင်၊ ဇူလိုင်လ လက်ကျန် (၅) စောင်၊ စုစုပေါင်း (၁၇) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ်ကျင်းပ ပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၃) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ ဩဂုတ်လတွင် တိုင်တန်းချက် လက်ကျန် ၂ စောင်ရှိပါသည်။



စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေးကျင်းပခြင်း

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ




စက်တင်ဘာလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၈၉) နှင့် အမှတ်စဉ် (၉၀) တို့ကို ၁၃-၉-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီ အချိန်မှ ၁၅:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများကို Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၈၉) နှင့် အမှတ်စဉ် (၉၀) ၌ စုစုပေါင်းသင်တန်းသားဦးရေ (၂၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။

---

**"Human Rights are women's rights and women's rights are human rights."**

**"လူ့အခွင့်အရေးဆိုသည်မှာ အမျိုးသမီးများ၏ အခွင့်အရေးဖြစ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးဆိုသည်မှာ လူ့အခွင့်အရေးပင်ဖြစ်သည်။"**

**Hillary Clintnton**

## အမျိုးသမီးကလေး သင်တန်းကျောင်း (ထောက်ကြန့်) အား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀-၉-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ အမျိုးသမီးကလေးများသင်တန်းကျောင်းအား ကြည့်ရှု စစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ သက်သာသော ဈေးနှုန်းဖြင့် စားအုန်းဆီများ လာရောက်ရောင်းချပေးခြင်း

စက်တင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ တစ်ပိဿာလျှင် (၅၄၀၀/-) ကျပ်ဖြင့် ၂၇-၉-၂၀၂၃ ရက်နေ့တွင် လာရောက်ရောင်းချခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း စုစုပေါင်း (၁၁၅) ဦးက စားအုန်းဆီ ပိဿာချိန် စုစုပေါင်း (၂၃၀) ပိဿာအား သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူခဲ့ပါသည်။



## ကော်မရှင်ရုံး (၁၂) နှစ်တာ ခရီးစာအုပ်ပြုစုထုတ်ဝေရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၃) ကျင်းပပြုလုပ်ခြင်း




စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကော်မရှင်၏ (၁၂) နှစ်တာခရီးစာအုပ် ပြုစုထုတ်ဝေးရေး အဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကို ၅-၉-၂၀၂၃ ရက်နေ့ ၁၃:၀၀ နာရီအချိန် Conference Room တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ (၁၂) နှစ်တာခရီး စာအုပ် ပြုစုထုတ်ဝေးရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ယာယီဌာနတာဝန်ခံများ တက်ရောက်ကြပြီး ဦးစွာအဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့၊ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ်အတွက် ကော်မရှင်၏ (၁၀) နှစ်တာခရီး စာအုပ် အပေါ်အခြေခံ၍ ဖြည့်စွက်တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသည့်ဌာနတာဝန်ခံများက ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ်တွင် (၁၀) နှစ်တာခရီးစာအုပ်အပေါ် အခြေခံ၍ ဖြည့်သွင်းမည့် အချက်အလက်များ၊ ပယ်ဖျက်သင့်သည့် ဓာတ်ပုံများ၊ ပြင်ဆင်လိုသည့် အချက်အလက်များ၊ ထပ်မံထည့်သွင်းမည့် ဓာတ်ပုံများအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်၏ (၁၂) နှစ်တာခရီးစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်မှ နိဂုံးချုပ်အမှာစကားပြောခဲ့ပြီး အစည်းအဝေးကို ၁၆:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံခြင်း

စက်တင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ဘဏ္ဍာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ကိုကိုမျိုးနှင့်အတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ ၁၁:၀၀ နာရီအချိန်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေ ရရှိရေးနှင့် ခေါင်းစဉ် ပြောင်းသုံးစွဲရေးအတွက်လည်းကောင်း၊ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေအား စိစစ်မှုခံယူခြင်းအတွက်လည်းကောင်း နေပြည်တော်သို့ သွားရောက် ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်း တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပ ပြုလုပ်ခြင်း

စက်တင်ဘာလ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း (၅/၂၀၂၃) အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။


တွေ့ဆုံဆန္ဒ ဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၂) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ဥပဒေရေးရာဌာနမှ ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်များ

စက်တင်ဘာလ ၃၀၊ ၃၁ ရက်


ဥပဒေရေးရာဌာနအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အစည်းအဝေးများ ကျင်းပ၍ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လုပ်ထုံးလုပ်နည်းများ (၂၀၂၃ ခုနှစ်) စာအုပ်ကို ၃၀-၆-၂၀၂၃ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၂၃ ခုနှစ်) The Procedures Relating to the Myanmar National Human Rights Commission Law (2023) ကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ International Covenant on Economic, Social and Cultural Rights (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် – ICESCR) နှင့် International Convention on the Protection of the Rights of All Migrant Workers and Members of Their Families (ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် – CMW) တို့ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆို၍ ၃၁-၈-၂၀၂၃ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။









## (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ပထမဆုရ ကာတွန်း




**အိုင်းရစ်လေးပြေ**

# ENGLISH SECTION

## Human Rights Book Donation to MNHRC



September 12

The donation of rare books on human rights to  the Myanmar National Human Rights Commission was held at the Myanmar National Human Rights Commission Conference room on 12 September 2023, from 2:00 to 3:00 pm. The event was attended by the Chairman of the Commission U Paw Lwin Sein, Commissioners, and staff. During the event, U Win Mra, who served as the Chairman of the Myanmar National Human Rights Commission from 2011 to 2019 handed over 331 rare books on human rights to Chairman U Paw Lwin Sein.



Chairman U Paw Lwin Sein gave the opening remark, and then former Chairman U Win Mra donated the books and provided clarification regarding the donation of books and documents. The "Letter of Appreciation" for the donation of books was presented by Chairman U Paw Lwin Sein to former Chairman U Win Mra.  Dr. Than Myint, Commissioner in charge of the Human Rights Promotion and Education Division, addressed gratitude. The event concluded at 3:00 pm.

The books donated at the event were publications from the United Nations as well as books and documents published in English and Myanmar languages from both domestic and international publications including papers, reports, laws, and compilations. The books and documents also comprises role and functions of National Human Rights Institutions (NHRIs), magazines, and journals on human rights.



## MNHRC Conducts Human Rights Awareness Training No. (2/2023)



September 19

Myanmar National Human Rights Commission is encouraging and promoting public awareness of human rights through the provision of information and education by all means as much as possible according to Section 22(a) of the Myanmar National Human Rights Commission Law. It is also gearing itself up for activities of human rights promotion and education on the occasion of the 75$^{th}$ anniversary of Universal Declaration of Human Rights. The Myanmar National Human Rights Commission conducted the opening ceremony of the awareness training No. (2/2023) about the Universal Declaration of Human Rights at the conference room at 10:00 on 19 September 2023 in accordance with Covid-19 terms and conditions. The Chairman, Commissioners, Director General, Directors, and the training attendees from the commission office.

U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission, delivered the opening remark. “The Universal Declaration of Human Rights (UDHR)”, which can be described as a symbol of human rights standards in modern world after the Second World War was announced on 10 December 1948 and it will turn 75 years in December this year, which marks the 75$^{th}$ anniversary of the Declaration. The awareness raising tasks and programs about UDHR are being conducted globally and the Myanmar National Human Rights Commission is also making its own efforts to raise awareness about the UDHR. The UDHR also takes crucial role in conducting the main functions, such as Human Rights Promotion and Protection of National Human Rights Institutions (NHRIs) all over the world. Therefore, MNHRC conducted Human Rights Awareness Trainings with the intention of enhancing knowledge and awareness about UDHR for the commission staff, developing skills in conducting human rights activities and supporting commission’s tasks.

The course will be conducted with 33 participants, including staff from the Commission's branch offices using both online and face-to-face systems.



# Vice-Chairperson of Myanmar National Human Rights Commission Attended the Asia Pacific Forum (APF) and Biennial Conference held in India




September 23

Vice-Chairperson Dr. Nanda Hmun, accompanied by Deputy Director General Dr. Khine Khine Win of the Myanmar National Human Rights Commission, participated in the 28th Annual General Meeting of the Asia Pacific Forum and Biennial Conference held in New Delhi, India, from September 20 to 21, 2023.

During the opening ceremony of the 28th Annual General Meeting of the Asia Pacific Forum and Biennial Conference on September 20, the President of the Republic of India, Smt. Droupadi Murmu, attended and delivered a congratulatory message. Following that, the 28th Annual General Meeting of the Asia Pacific Forum, was held. Representatives from National Human Rights Institutions (NHRIs) of 26 member countries of the Asia Pacific Forum, along with the Chairperson and Members of the India Human Rights Commission as hosts, representatives from the Ministries of India, representatives from Civil Society Organizations, representatives from the Office of the High Commissioner for Human Rights, representatives from the Global Alliance of National Human Rights Institutions, attended. Moreover, representatives from Cook Islands, Taiwan, Turkmenistan, and the United Arab Emirates joined the meeting as observers. Altogether 120 participants attended. During the meeting, matters related to cooperation between the Asia Pacific Forum of National Human Rights Institutions (APF) and Non-Governmental Organizations (NGOs), APF governance and financial matters, as well as the adoption of the Delhi Declaration were discussed among others.

In commemoration of the 75th anniversary of the Universal Declaration of Human Rights (UDHR) and the 30th anniversary of the Paris Principles, a roundtable session with the titles "30 Years of Promoting and Protecting Human Rights Across Asia and the Pacific," "Advancing the Universal Declaration of Human Rights and Its Promise of Equality, Freedom, and Justice for All," and "The Role of NHRIs Responding to and Mitigating the Human Rights Impacts of Climate Change – National, Regional, and International Actions" were held on September 21 and the Delhi Declaration was adopted at the end of this session.

Vice-Chairperson Dr. Nanda Hmun and Deputy Director General Dr. Khine Khine Win of the Myanmar National Human Rights Commission arrived back at Yangon on September 23 by Thailand Airlines.

## Field Visit to Tawgyitan Labour Camp by MNHRC



September 14

The inspection team, led by Commissioners U Kyaw Soe and U Tin Aung from the Myanmar National Human Rights Commission, inspected the Tawgyitan Labour Camp in Twantay Township, Yangon Region, on 14 September 2023 according to Section 43 and Section 44 of MNHRC's Law.

The inspection team inspected the Tawgyitan Labour Camp in accordance with the MNHRC's laws and procedures whether the prisoners who are detained in the camp can get the fundamental rights, including status of food supply and healthcare services, adequate purified water and inspected the prisoners in order to ensure that they get the personal items and items sent by families and inspected whether there were human rights violations and torture cases in the labour camp.

The inspection team inspected the prisoner's dormitories, clinic, library, kitchen, food store, water purifier, water sanitation system.

Besides, MNHRC donated 50 books for prisoners and the officer of labour camp received those books.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.



## MNHRC Conducts Animation Video Production Training



September 3

Animation Video Production Training was conducted for the Commission staff on 3 September 2023 at the conference room of MNHRC. The Purpose of this training was to create awareness raising animation videos for human rights and to utilize them in the Commission's human rights promotion and education activities. In the training, Commissioner Dr. Than Myint, gave the lecture on the creation of animation videos to the staff who attended the training. A total of nine staff members participated in the training.

# MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)



September 8

Myanmar National Human Rights Commission is encouraging to promote public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the commission office, gave lectures on human rights at the Management Course for Senior Level Officials No. (15) held at the Civil Service Academy (Upper Myanmar) on 8 September 2023 from 08:00 am to 3:55 pm. In doing so, the Commissioner Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities, the Director U Zaw Lwin Htoo also delivered the lectures on State Obligation and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). Afterwards the lecturers answered the questions asked by the trainees. A total of 42 directors from the departments attended as trainees on above–mentioned course.



# MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bhatoo)




September 13

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr.Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the commission office, simultaneously gave lectures on human rights at the Battalion Commander Training Course No.(107) and the Company Commander Training

Course No. (218) held at Myanmar Army Combat Force School (Bahtoo) on 13 September 2023 from 12:00 pm to 3:00 pm. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 182 army officers attended the above-mentioned courses; 64 army officers on the Battalion Commander Training Course on No. (107) and 118 army officers on the Company Commander Training Course on No. (218) Bahtoo.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)



September 13

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Tin Maung Maung Than, the commissioner and Daw Mi Mi Khaing, the Deputy Director of the commission office, simultaneously gave lectures on human rights at the Company Commander Training Courses No. (89) and No. (90) held at Myanmar Army Combat Force School (Bayintnaung) on 13 September 2023 from 12:00 pm to 3:00 pm. In doing so, Commissioner Dr. Tin Maung Maung Than delivered the lecture on Human Rights Concept and the Deputy Director Daw Mi Mi Khaing gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 242 army officers attended the above-mentioned courses; on the Company Commander Training Courses on No. (89) and No. (90) Bayintnaung.

## Field Visit to Training School for Girls by MNHRC



September 20

The inspection team, led by Commissioners U Kyaw Myint and Dr. Myint Thu Myaing from the Myanmar National Human Rights Commission, inspected the Training School for Girls in Mingaladon Township, Yangon Region on 20 September 2023.

The inspection team inspected the Training School for Girls in accordance with the MNHRC Law and procedures whether the girls who are detained in the Training School can get fundamental rights including status of Covid-19 vaccination and healthcare services, food supply, adequate dormitories, availability status of Citizenship Scrutiny Card, provision of purified drinking water, support programme for physical and mental development, as well as right to education, learn, vocational trainings, communicate with their families, reintegration, and freedom of religion.

MNHRC will send recommendations to the relevant development on the findings during the inspection visits.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖြ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm